# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 2 , 2024 Volume 74, Number 2

၂.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = 2073 US$ |
| မြန်မာ့ရွှေဈေး | = ၃၇၁၅၀၀၀ |
| ဒေါ်လာဈေး | = ၃၄၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၄၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားခြင်း



မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၃) ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၊ နံနက် ၉ နာရီခွဲအချိန်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ၊ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဝန်ကြီးချုပ်က မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ (၁/၂၀၂၂)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေးကို တစ်နှစ်လျှင် (၂)ကြိမ်ကျင်းပရန် လျာထားခဲ့သည့်အတွက် ယခုအခါ ဒုတိယအကြိမ်

ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့များ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် မူပိုင်ခွင့်စနစ်သစ်တစ်ရပ် တည်ထောင်ရန်လိုအပ်လာပါ၍ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေ(၄)ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းများ တရားဝင်လက်ခံဆောင်ရွက်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ၂၆ ရက်နေ့မှစ၍ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အာဏာတည်နိုင်ခဲ့ပြီး၊ မူပိုင်ခွင့်လျှောက်ထားချက်များ လက်ခံနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ရှိသည့်ဝန်ကြီးဌာနများအပြင် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီနှင့်မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီတို့တွင် တာဝန်ပေးအပ်မည့် အစိုးရဌာနများ၊ ပညာရှင်များနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုလည်း အသိအမှတ်ပြုဂုဏ်ယူပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်မူပိုင်ခွင့်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ဖို့ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီတွင်ပါဝင်သည့် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်စနစ်ကို ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ(၁/၂၀၂၃)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၂/၂၀၂၃)သို့ တင်ပြသည့်အမှာစာများကို ဖတ်ကြားတင်ပြရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌက အမှာစာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%9E%E1%80%90%E1%80%84%E1%80

## မြင်းခြံခရိုင်တွင် မိုးကြက်သွန်နီများ စတင်ထွက်ပေါ်



မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်တွင် မိုးကြက်သွန်နီများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လနှင့်စက်တင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလများတွင် တူးဖော်လေ့ရှိကြောင်း၊ မြင်းခြံခရိုင်၌ ၂၀၂၂ ခုနှစ်တွင် မိုးကြက်သွန်နီ (၁၆၃၃) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၌ မိုးကြက်သွန်နီ (၁၇၉၄) ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် (၁၆၁) ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးမှု၊ ရိတ်သိမ်းပြီးစီးမှုနှင့် အထွက်နှုန်းများအနေဖြင့် မြင်းခြံမြို့နယ်တွင် (၈၃၇) ဧက စိုက်ပျိုးခဲ့ပြီး၊ ဒီဇင်ဘာလ (တတိယပတ်) အထိ ရိတ်သိမ်းပြီးစီးမှုမှာ (၃၄၀) ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၂၁၀၀) ပိဿာနှုန်းဖြင့် ပိဿာချိန်ပေါင်း (၇,၁၄,၀၀၀) ပိဿာထွက်ရှိခဲ့ကြောင်း၊ တောင်သာမြို့နယ်တွင် (၂၉၅) ဧက စိုက်ပျိုးခဲ့ပြီး (၁၀၀) ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ (၂၁၀၀) ပိဿာနှုန်းဖြင့် ပိဿာချိန်ပေါင်း (၂,၁၀,၀၀၀) ပိဿာ၊ နွားထိုးကြီးမြို့နယ်တွင် (၆၆၂) ဧက စိုက်ပျိုးခဲ့ပြီး (၂၃၀) ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၂၁၀၀) ပိဿာဖြင့် ပိဿာချိန်ပေါင်း

(၄,၈၃,၀၀၀)ပိဿာများ ထွက်ရှိခဲ့ကြောင်းနှင့် ကျန်ရှိသောစိုက်ကေများကိုလည်း ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

မြင်းခြံခရိုင်အတွင်းရှိ မိုးကြက်သွန်နီများမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(ဒုတိယပတ်)မှစတင်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (အသေးစ) တစ်ပိဿာလျှင် (၅၀၀-၁၂၀၀) ကျပ်၊ (အလတ်စ) တစ်ပိဿာလျှင် (၁၅၀၀-၂၂၀၀) ကျပ်နှင့် (အကြီးစ) တစ်ပိဿာလျှင် (၂၄၀၀-၂၇၀၀) ကျပ်နှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**Source: DOCA (မန္တလေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%E1%80%BC%E1%

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၆-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ် ကျပ် ၄၇၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၄၃၀၀၊ မြစ်သားလတ်သန့် ကျပ် ၄၀၀၀ ၊ မြစ်သားလတ်ချော ကျပ် ၃၂၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၈၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၃၄၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ် ကျပ် ၄၀၀၊ မြစ်သား လတ်ကြီး ကျပ် ၁၀၀ ၊ မြစ်သားလတ်ချော ကျပ် ၁၀၀၊ မြင်းခြံရှယ် ကျပ် ၁၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး မြင်းခြံလတ်ချော ကျပ် ၁၀၀ နှင့် မြင်းခြံလတ်ကြီး ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၈၈ စီး (၅,၂၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၀ စီး (၇,၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၄၂ စီး (၂,၅၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၆,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၉၀၀ (၅၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၆၀၀ (၄၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၃၀၀ (၉၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အုန်းသီးအနုများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ အုန်းသီးအနုများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဝင်း၏ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလပထမပတ်မှစ၍ အုန်းသီးအနုများကို ရန်ကုန်ဈေးကွက်မှ မှာယူမှုများလာခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသထွက် အုန်းသီးအနုများကို ရန်ကုန်ဈေးကွက်သို့ ငါးရက်လျှင်တစ်ကြိမ် အလုံးရေ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ “မော်လမြိုင်ကျွန်းမြို့နယ်က အုန်းသီးအများဆုံးထွက်ရှိပါတယ်။ အရင်နှစ်တွေက ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြည်တွင်းပြည်ပ အုန်းသီးဈေးကွက်ပျက်ခဲ့တယ်။ ဒီနှစ် ပြည်ပရောပြည်တွင်းကိုပါ ပြန်လည်တင်ပို့ခွင့်ရလာလို့ ဝယ်လိုအားကောင်းလာတာဖြစ်ပါတယ်။ အုန်းသီးအနုရောအရင့်ပါ တင်ပို့ရောင်းချနေပြီး လက်ရှိ အနုတွေ ပိုပြီးအဝယ်လိုက်နေတာပါ။ အုန်းသီးဈေးလည်းကောင်းလာသလို အသီးရင့်တဲ့အထိမစောင့်ရဘဲ ငွေပေါ်လို့ အုန်းခြံလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်။ ပုံမှန်အဝယ်ရှိနေပေမဲ့ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ပထမပတ်ကစပြီး အုန်းသီးအနုတွေ ဝယ်လိုအားပိုကောင်းလာတာဖြစ်ပါတယ်။ အခုက ဝယ်လိုအားကောင်းလာသလို ဈေးလည်းကောင်းနေတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကထွက်ရှိတဲ့ အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်”ဟု ဒေါ်ဌေးဝင်းကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် အုန်းသီးအခြောက်များ၊ အုန်းသီးအရင့်များအပါအဝင် အုန်းသီးအနုများကို ဒေသပွဲရုံလုပ်ငန်းရှင်များကဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/50360

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၆-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၉,၉၄,၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၃,၀၄,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2023 Crop) ကျပ် ၃၂,၇၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၃၁,၅၀၀ ၊ မတ်ပဲSQ/RC (2023 Crop) ကျပ် ၁၁,၅၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop ) ကျပ် ၂၅,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) နှင့် မတ်ပဲSQ/RC(2023 Crop) ကွန်တိန်နာ ၅လုံး(တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၅ လုံး(တန်ချိန် ၃၆၀) နှင့် မတ်ပဲSQ/RC(2023 Crop) ကွန်တိန်နာ ၅လုံး(တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၀၀၀၊ မြားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၆၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၁၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း (ပု) ကျပ် ၅၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၁၀၀ (၄၂,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၂၀၀(၄၄,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၄၀၀ (၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၀၀ (၂၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၈၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၈၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၀၀၀၊ ရေစကြိုထန်းလျက်

(ချော)ကျပ် ၅၈၀၀၀၊ ကြံသကာ(စစ်) ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၃၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အယ်လ်နီညိုရာသီဥတု၏သက်ရောက်မှုများကြောင့် ကမ္ဘာ့ဆန်စပါးဈေးကွက်၌ ဆန်အရောင်းအဝယ်မြင့်မားနေပြီး နိုင်ငံအလိုက်အစီအမံများဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့်မူ ဆန်ပိုလျှံမှု တန်ချိန်သုံးသန်းကျော်ရှိကြောင်းသိရ

ကမ္ဘာ့ဆန်စပါးဈေးကွက်၌ အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုများကြောင့် ဆန်အရောင်းအဝယ်မြင့်မားနေပြီး နိုင်ငံအလိုက် အစီအမံများဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့်မူ ဆန်ပိုလျှံမှု တန်ချိန်သုံးသန်းကျော်အထိ ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိတွင် တန်ဖိုးဒေါ်လာ ၂၅၄ သန်းကျော်ရှိသည်။ ယခုအပတ်တွင် လယ်ယာထွက်ဆန်၊ ဆန်ကွဲ၊ နှမ်း၊ ဖရဲ၊ သခွား၊ တစ်သျှူးငှက်ပျော သစ်သီးဝလံများ၊ ရော်ဘာ၊ ကော်ဖီစသည့် နှစ်ရှည်သီးနှံထွက်ကုန်များ၊ သွပ်၊ ကြေးနီသတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP ချုပ်ပြီး အထည်တို့ ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်ထက် ဒေါ်လာ ၃၃ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုရက်သတ္တပတ်တွင် ဆန်၊ ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၃၂ သန်းရရှိပြီး ပင်လယ်ရေကြောင်းမှ အင်ဒိုနီးရှား၊ တရုတ်၊ စပိန်၊ ပိုလန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ နယ်သာလန်အပါအဝင် နိုင်ငံပေါင်း ၂၀ နိုင်ငံသို့ ၅၇,၆၅၉ တန်နှင့် နယ်စပ်မှ လွယ်ဂျယ်၊ ကံပိုင်တည်၊ ကျိုင်းတုံစခန်းများမှ ၃၉၆၀ တန် တင်ပို့ခဲ့သည်။

ကမ္ဘာ့ဆန်စပါးဈေးကွက်၌ အယ်လ်နီညိုရာသီဥတု၏ သက်ရောက်မှုများကြောင့် ဆန် ရောင်းလိုအား/ဝယ်လိုအား မြင့်မားမှုများဖြစ်ပေါ်လာပြီး ဆန်တင်ပို့/ဆန်တင်သွင်းနိုင်ငံများ၏ နိုင်ငံအလိုက်အစီအမံများ ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ မိုးစပါး၊ နွေစပါးထွက်ရှိမှုမှာ ညီမျှကာ ဆန်တန်ချိန် ၁၃ သန်းရှိပြီး၊ ပြည်တွင်းစားသုံးမှုမှာ ဆန်တန်ချိန် ၉ ဒသမ ၅ သန်းရှိသဖြင့် ပိုလျှံမှုတန်ချိန် ၃ သန်းကျော်ရှိကြောင်း ခန့်မှန်းတွက်ချက်ရရှိကြောင်း သိရသည်။ နှစ်အလိုက် ပြည်ပတင်ပို့မှုတွင် ဆန်၊ ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သန်းအထိ အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇,၉၂,၄၁၂ တန်တင်ပို့မှုမှ ဒေါ်လာ ၃၇၈ ဒသမ ၆၄၁ သန်းရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီမှနိုဝင်ဘာအထိ လအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဧပြီလတွင် ဒေါ်လာ ၃၆ သန်း၊ မေလတွင် ဒေါ်လာ ၄၈ သန်း၊ ဇွန်လတွင် ဒေါ်လာ ၂၈ သန်း၊ ဇူလိုင်လတွင် ဒေါ်လာ ၂၆ သန်း၊ ဩဂုတ်လတွင် ဒေါ်လာ ၂၈ သန်း၊ စက်တင်ဘာလတွင် ဒေါ်လာ ၄၂ သန်း၊ အောက်တိုဘာလတွင် ဒေါ်လာ ၆၃ သန်းနှင့် နိုဝင်ဘာလတွင် ဒေါ်လာ သန်း ၉၀ အထိ ရရှိထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီမှနိုဝင်ဘာအထိ လအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် ၈၇,၆၄၈တန်၊ မေလတွင် ၁၁၀,၇၀၆ တန်၊ ဇွန်လတွင် ၆၂,၇၂၅ တန်၊ ဇူလိုင်လတွင် ၅၈,၃၃၄တန်၊ ဩဂုတ်လတွင် ၅၉,၉၇၁ တန်၊ စက်တင်ဘာလတွင် ၈၄,၇၇၃ တန်၊ အောက်တိုဘာလတွင် ၁၁၉,၅၂၆ တန်နှင့် နိုဝင်ဘာလတွင် ၁၇၅,၉၉၀ တန်အထိ တင်ပို့ထားသည်။

နယ်စပ်ကုန်သွယ်မှုက လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ပင်လယ်ရေကြောင်းမှသာ တရုတ်သို့ ဆန်တင်ပို့နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)ဥက္ကဋ္ဌ ဦးရဲမင်းအောင်က နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ပြည်ပတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် ဧပြီမှနိုဝင်ဘာလလယ်အထိ ဆန်တန်ချိန် ခြောက်သိန်းကျော် တင်ပို့ထားကြောင်း၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးလျော့ကျနေကြောင်း သိရသည်။

**Source:** https://news-eleven.com/article/286393

## ဗီယက်နမ်ရော်ဘာလုပ်ငန်း ၂၁ ခုက ဗီယက်နမ်ရော်ဘာအမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ကြခြင်း

ဉာဏပစ္စည်းဆိုင်ရာ အကာအကွယ်ရရှိရန်အတွက် ဗီယက်နမ်ရော်ဘာလုပ်ငန်း ၂၁ ခုသည် တရုတ်၊ အိန္ဒိယ၊ ထိုင်ဝမ်၊ လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံတို့တွင် ဗီယက်နမ်ရော်ဘာ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခဲ့ကြသည်။

ဗီယက်နမ်ရော်ဘာအသင်းက ကုန်အမှတ်တံဆိပ်ကြောင့် အဆိုပါလုပ်ငန်းများ၏ ထုတ်ကုန် ၉၆ မျိုးမှာ ယုံကြည်မှုပိုမိုရရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရော်ဘာအသင်းဥက္ကဋ္ဌ Tran Ngoc Thuan က ၂၀၂၃ ခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်ရော်ဘာ တင်ပို့မှုစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့်ဟု ခန့်မှန်းထားကာ ရော်ဘာထုတ်ကုန်များမှာ ၃ ဒသမ ၉ ဘီလီယံ ၊ ရော်ဘာစိမ်းမှာ ၂ ဒသမ ၅ ဘီလီယံနှင့် ရော်ဘာသစ်သားမှာ ၁ ဒသမ ၈ ဘီလီယံကျော် ပါဝင်သည်ဟု ဆိုသည်။

သဘာဝရော်ဘာထုတ်လုပ်သောနိုင်ငံများအသင်း(Association of Natural Rubber Producing Countries – ANRPC) က ၂၀၂၃ ခုနှစ်တွင် သဘာဝရော်ဘာထုတ်လုပ်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တန်ချိန် ၁၄ ဒသမ ၉၂၇ သန်းအထိ ရှိနိုင်ပြီး ပြီးခဲ့သည့်နှစ်ထက် ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ကာ သုံးစွဲမှုသည် တန်ချိန် ၁၅ ဒသမ ၇၅ သန်းနှင့် ပြီးခဲ့သည့်နှစ်ကထက် ၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မည်ဟုခန့်မှန်းထားသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်ရော်ဘာအသင်းသည် ၂၀၃၀ ပြည့်နှစ်တွင် စားသုံးသူများ၏ ယုံကြည်မှုအပြည့်အဝရရှိစေရန် ရည်မှန်းချက်ဖြင့် စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဗီယက်နမ်ရော်ဘာအမှတ်တံဆိပ်စတင်ခြင်းနှင့် ပုံရိပ်ကောင်းရရှိစေရန် စီမံကိန်းကိုဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** **[https://www.thestar.com](https://www.thestar.com).**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%97%E1%80%

## စားတော်ပဲတင်သွင်းသူများလိုက်နာရမည့် မှတ်ပုံတင်လုပ်ထုံးလုပ်နည်းများအား အိန္ဒိယအစိုးရမှ ထုတ်ပြန်ခဲ့

သွင်းကုန်စောင့်ကြပ်ကြည့်ရှုသည့်စနစ်အရ စားတော်ပဲတင်သွင်းသူများလိုက်နာရမည့် မှတ်ပုံတင်လုပ် ထုံးလုပ်နည်းများကို အိန္ဒိယအစိုးရက ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာနက သွင်းကုန်လုပ်ငန်းရှင်များသည် ဦးစီးဌာန၏ဝက်ဘ်ဆိုဒ်မှတဆင့် ရူပီး ၅၀၀ ပေးသွင်းကာ အလိုအလျောက်မှတ်ပုံတင်နံပါတ်ရယူနိုင်ကြောင်းဆိုသည်။

သွင်းကုန်မရောက်မီ အနည်းဆုံးငါးရက်အလိုတွင် မှတ်ပုံတင်နံပါတ်လျှောက်ထားရန်လိုပြီး ရရှိလာသော မှတ်ပုံတင်နံပါတ်ကို အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာအာဏာပိုင်များသို့ တင်ပြရမည်ဖြစ်သည်။ အဆိုပါ မှတ်ပုံတင်နံပါတ်သည် ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရောက်ရှိမည့်သွင်းကုန်များအတွက် အကျုံးဝင်မည်ဖြစ်သည်။ ထို့ပြင် အဆိုပါ မှတ်ပုံတင်နံပါတ်ကို ပင်ရင်းဒေသတစ်ခုနှင့် ရောက်ရှိမည့်ဆိပ်ကမ်းတစ်ခုအတွက်သာ အသုံးပြုရမည်ဖြစ်သည်။

အိန္ဒိယသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၄ သန်းရှိ စားတော်ပဲများကို ရုရှားတစ်နိုင်ငံတည်းမှ တင်သွင်းခဲ့သည်။

**Source:** [https://www.business-standard.com](https://www.business-standard.com)

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%85%E1%80%

# STOCK EXCHANGE (2.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,475 (Shares) | 3,123,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 27 | 232,200 | 33,109,694 | 284,743 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 5 | 14,200 | 38,929,150 | 109,002 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 1 | 8,100 | 10,400,986 | 84,248 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 5 | 8,000 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | -100 | -4.00% | 2,400 | 2,400 | 2,400 | 2 | 4,800 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,360 | 2,662,500 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 21 | 98,700 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 54 | 94,500 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.33 | -2.91 | -0.79% | 364.81 | 364.83 | 363.80 | 1,475 | 3,123,000 | 8 | 687,185 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 2nd Jan. 2024

| Trading Volume | Trading Value |
|---|---|
| 1,475 (Shares) | 3,123,000 (MMK) |

## Main Board

As of 1:00 pm, 2nd Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,475 (Shares) | 3,123,000 (MMK) |

| MYANPIX | 364.33 ▼ 2.91 |
|---|---|
| Total Volume (shares) | 1,475 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,185 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 100 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |